ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ချောင်းဆုံမြို့

# ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအကောင်အထည်ဖော်မှု အစီအစဉ်




လူထုစည်းရုံးရေးမှူးအမည် - ဒေါ်မိုးဖြူဝင်း

လက်ထောက်နည်းပညာမှူးအမည် - ဦးဟိန်းဆက်အောင်


ကွမ်လှာကျေးရွာအုပ်စု၊ ကော့ရမ္မာကျေးရွာ 2017 ခုနှစ်

# မာတိကာ

စဉ် အကြောင်းအရာ စာမျက်နှာ


၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ ...3

၂။ ကော့ရမ္မာကွင်းကလိန်ကျေးရွာတည်နေရာပြမြေပုံ ...4

၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ...5

၄။ ကျေးရွာအခြေခံအချက်အလက်များ ...5

၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ...6

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ ...8

၆.၁ အရင်းအမြစ်ပြမြေပုံ ...8

၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့စည်းအချင်းချင်းချိတ်ဆက်မှုပြဇန်ကားချပ် ... 10

၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း ... 12

၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း ... 13

၆.၅ ရာသီခွင်ပြဇယား ... 16

၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု ... 17

၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ... 18

၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း ... 19

၉။ ကျေးရွာအချက်အလက် (ပုံစံ-၁) ... 20

၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ... 22

၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ... 23

၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) ... 24

၁၃။ အစည်းအဝေးမှတ်တမ်းများ ... 25

၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ ... 27

၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ... 27


၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ ... 28

## ၁။ ချောင်းဆုံမြို့နယ်ပြမြေပုံ



MIMU
EUROPEAN COMMISSION
Humanitarian Aid
Myanmar Information Management Unit
Village Tracts of Chaungzon Township
Mon State
PAUNG
N
Mawlamyine
Da Yei
Ka Lwi
Taw Ka Nar
Daung Yat (West)
Taung Sun
Daung Yet (East)
Ka Mar Mo
Mu Du
Nyaung Lan
Kawt Mu Pun
Ka Hnyaw
CHAUNGZON
Kun Yaik
Ywar Lut
Boe Net
Hnee Hmoke
Ka Ma Nin
MAWLAMYINE
Ka Lawt
Thet Kaw
Mu Kwe
Saw Ke
Nat Hmaw
Taw Pun
Kayin Win Sein
Mu Yit Gyi
Chaungzon
Kha Yaik Thit
Ku Lar Toet
Kun Thea
Ta Ku Pa Ti
Ma Yan
MUDON
Hpan Hpa
Ku Lar Bi
Zee Kone
Wei Lan
Ka Yaik Du
Mu Yit Kalay
Se Pa Lar
Kawt Ka Daik
Hin Thar Kyun
Kayin
Yangon
Ka Mar Kay
Ah Bit
Kha Yaik Hnee Hu
Kun Hlar
Mon
Kilometers
0 2 4 8
Map ID: MIMU250v01
Creation Date: 19 December 2011. A3
Projection/Datum: Geographic/WGS84
Map produced by the MIMU - info.mimu@undp.org
Website : http://www.themimu.info
State Capital
Main Town
Other Town
Road
River and Stream
Township Boundary
District Boundary
State Boundary
Village Tract Area
Water Body
Data Sources :
BASE MAP - MIMU
Boundaries - WFP/MIMU/UNICEF
Place names - Ministry of Home Affair
(GAD) translated by MIMU
Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.

## ၂။ ကော့ရမ္မာကွင်းကလိန်ကျေးရွာတည်နေရာပြမြေပုံ



## ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် |
|---|---|
| ကွမ်လှာကျေးရွာအုပ်စု | ကွမ်လှာကျေးရွာ |
| | ကော့ရမ္မာကျေးရွာ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

ကျေးရွာအမည် - ကော့ရမ္မာကျေးရွာ

ကျေးရွာအုပ်စုအမည် - ကွမ်လှာကျေးရွာအုပ်စု

လူဦးရေ - ကျား - ၁၅၄၊ မ ၁၅၅၊ စုစုပေါင်း ၃၀၉ ဦး

အိမ်ထောင်စု - ၈၃စု

ကျန်းမာရေးဆေးပေးခန်း - မရှိ

ပညာရေးအဆောက်အဦး -မရှိ

လူမှုရေးအဆောက်အဦး - မရှိ

အဓိက စီးပွားရေးလုပ်ငန်း - လယ်ယာလုပ်ငန်း၊ ကျွဲဘမ်း

အဓိက ပိုင်ဆိုင်မှု - လယ်ယာ၊

အခြားဆက်နွယ်မှု ရှိ/မရှိ - အုပ်စုအတွင်း ကျေးရွာများနှင့်ချိတ်ဆက်မှုရှိ


## ၅။ လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ၊ (Social Map, Resources Map) | 3.1.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာ၏အဓိကသွင်ပြင်လက္ခဏာများကိုဆွေးနွေးခြင်း၊ ကျေးရွာအတွင်းတည်ရှိနေသည့် အရင်းအမြစ်များ၊ အခြေခံအဆောက်ဦးများနှင့် ဝန်ဆောင်မှုများကိုဆွေးနွေးခြင်း<br>- ၄င်းအခြေခံအဆောက်အဦးများ၏အခြေအနေများကို ဆွေးနွေး ခြင်း၊ (ရပ်ရွာဖွံ့ဖြိုးရေးအတွက် ပြုပြင်ရန်နှင့် အသစ်ဆောက် လုပ်ရန်လိုအပ်ချက်များကို ဆွေးနွေးခြင်း) |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း။ (Wealth Ranking) | 3.1.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူ အိမ်ထောင်စု/ အုပ်စုများ၏ ဝင်ငွေ များ၊ ဥစ္စာဓန ကြွယ်ဝမှုများ၊ ပိုင် ဆိုင်မှုများနှင့် အခြေအနေများ ကို ဆွေးနွေးသုံးသပ်ခြင်း။<br>- ကျေးရွာလူထုများ၏ အသက်မွေးဝမ်းကြောင်းမှုလုပ်ငန်းအခြေ အနေ၊ ဖွံ့ဖြိုးတိုးတက်ရေး အတွက်ကြုံတွေ့နေရသည့် အားနည်းချက်များ၊ အဟန့်အတားများကို ရှာဖွေဖော်ထုတ် ခြင်း။<br>- အိမ်ထောင်စုများ/အုပ်စုများ၏ စီးပွားရေး၊ လူမှုရေးအခြေအနေ များကိုလေ့လာဖော်ထုတ်ခြင်း။ |
| ၃ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | 3.1.2017 | ကျေးရွာလူထု | 13 | 25 | 38 | - ကျေးရွာအတွင်းနေထိုင်သူများ တစ်နှစ်ပတ်လုံးအတိုင်းအတာ အတွင်း ရာသီအလိုက် လုပ်ငန်း ဆောင်တာများ၊ အသက်မွေး ဝမ်းကြောင်းမှု အပြောင်းအလဲ များကိုဆွေးနွေးခြင်း။<br>- အစာရေစာရရှိနိုင်မှု၊ ကျန်းမာရေးပြဿနာများ၊ အိမ်ထောင်စု များအတွင်း တစ်နှစ်ပတ်လုံး အတိုင်းအတာဖြင့် ကြုံတွေ့နေ ရသည့် မတူညီသည့် အခက်အ ခဲများကို ဆွေးနွေးခြင်း။<br>- အချိန်အပိုင်းခြားအလိုက် အခက်အခဲနှင့် အခွင့်အလမ်း များကိုဆွေးနွေးခြင်း။ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၄ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | 3.1.2017 | ကျေးရွာလူထု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ စီမံကိန်းများကို လုပ်ဆောင်နေသည့် ရွာအတွင်း ရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိနားလည်စေရန်နှင့် ၎င်းအဖွဲ့အစည်းများ၏အားဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်ဆွေးနွေး ခြင်း။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း (Spider Web) | 3.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာအတွင်းရှိ အမျိုးသမီး၊ အမျိုးသားများ၏ အခန်းကဏ္ဍကိုသိရှိနိုင်ရန်နှင့် ၎င်းတို့ကိုယ်တိုင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင်ကြုံတွေ့နေသည့် အားနည်းချက်များ၊ ဆိုးကျိုးများကိုသိရှိနားလည်စေရန်။ |
| ၆ | ကျေးရွာ၏ဖွံ့ဖြိုးရေး အစီအစဉ်များ ရေးဆွဲခြင်း (Village Development Visioning) | 5.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မည့်လုပ်ငန်းစဉ်များအား (၅) နှစ်စာအတွက် အမျိုးသား/အမျိုးသမီးအုပ်စုများဖြင့် ဆွေးနွေးချမှတ်ခြင်း။ |
| ၇ | ကျေးရွာ၏ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ခြင်း (Village Development Priorities) | 5.1.2017 | အမျိုးသား/ အမျိုးသမီး အုပ်စု | 12 | 26 | 38 | - ယခုနှစ်လုပ်ငန်းအကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား အမျိုးသား/အမျိုးသမီးများအပါဝင် ကျေးရွာလူထုတစ်ရပ်လုံးဖြင့် အစဉ်လိုက် ဦးစားပေးသတ်မှတ်ခြင်း။ |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၆.၁ အရင်းအမြစ်ပြမြေပုံ



**ကော့ရမ္မာကျေးရွာ၏ လူမှုရေးနှင့်အရင်းမြစ်ပြမြေပုံ သုံးသပ်ချက်**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကော့ရမ္မာကျေးရွာသည် ကွမ်လှာကျေးရွာအုပ်စုတွင်ပါဝင်ပြီး အိမ်ထောင်စု စုစုပေါင်း (၈၃) စုရှိကာ လူဦးရေစုစုပေါင်း (၄၄၇) ဦးနေထိုင်သည့် ကျေးရွာဖြစ်ပါသည်။ မွန်လူမျိုးများနေထိုင်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ကျေးရွာ၏အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ အချို့မှာ ကိုယ်ပိုင်လယ်မြေ၊ ခြံများပိုင်ဆိုင်ကြသော်လည်း အချို့တွင်ကိုယ်ပိုင် ပိုင်ဆိုင်မှုမရှိပါ။ ကိုယ်ပိုင်လယ်မြေများ၊ ခြံများ ပိုင်ဆိုင်မှုမရှိသောသူများသည် ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းမှုပြုကြသည်။

ကျေးရွာအတွင်းတွင် ဘာသာရေးအဆောက်အဦများအနေဖြင့် ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း စေတီ (၁) ဆူရှိပါသည်။

ကျေးရွာအတွင်းတွင် အများပြည်သူများသုံးစွဲနိုင်မည့် အခြေခံအဆောက်အဦးများ ပြည့်စုံလုံလောက်မှုမရှိသေးဘဲ လိုအပ်ချက်များပြားစွာရှိနေသေးသည်ကို တွေ့ရသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကော့ရမ္မာကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်း မရှိသည့်အတွက် ကွမ်လှာကျေးရွာတွင်ရှိသော ကျန်းမာရေးဆရာမဆီသို့ သွားရောက်ကုသရသည်။ အရေးပေါ်အခြေနေ


ဖြစ်ပေါ်လာပါက မုရစ်ကလေးဆေးရုံ၊ ချောင်းဆုံဆေးရုံများတွင် သွားရောက်ကုသရပါသည်။ သောက်သုံးရေ အနေဖြင့်အများသုံးရေတွင်းများမှာ နည်းပါးနေသည်ကို တွေ့ရှိရပါသည်။ ကျေးလက်ဦးစီဌာနမှ ပြုလုပ်ပေးထားသော အဝီစိတွင်းကိုသာ အသုံးပြုကြပြီး ယခင်နှစ်တွင် လူထုဗဟိုပြု စီမံကိန်းရံပုံငွေဖြင့် အကောင်အထည်ဖော်ထားသည့် ရေပိုက်သွယ်တန်းခြင်းမှလည်း သောက်သုံးရေ ရယူသုံးစွဲကြသည်။

ကျေးရွာအတွင်းရှိလမ်းများအနက် အဓိကလမ်းမကြီးတစ်လမ်းသာ ကတ္တရာလမ်းဖြစ်ပြီး ကျန်သောလမ်းသွယ်များမှာ မြေနီလမ်းများဖြစ်ကြပါသည်။ မြေနီလမ်းများဖြစ်သောကြောင့် မိုးတွင်းအခါတွင် ရေတိုက်စားမှုဖြစ်ပြီး လမ်းများပျက်ထကာ သွားလာရအနည်းငယ် အခက်အခဲရှိသည်။ ပညာရေးကဏ္ဍတွင် မူလတန်းကျောင်း (၁) ကျောင်းသာရှိသောကြောင့် အလယ်တန်းအဆင့် ပညာသင်ယူနိုင်ရန်အတွက် ကွမ်လှာကျေးရွာသို့ သွားရောက်ရပါသည်။

ကျေးရွာ၏ အဓိကစီးပွားရေးအနေဖြင့် လယ်ယာလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြပြီး ရော်ဘာခြံလုပ်ကိုင်သူ အနည်းငယ်ရှိသည်။ ကိုယ်ပိုင်လယ်ယာမြေ မရှိသူများမှာ ကျဘမ်းလုပ်ငန်းဖြင့် အသက်မွေးကြသည်။ အချို့မှာ ထိုင်းနိုင်ငံတွင်သွားရောက်လုပ်ကိုင်သူများလည်း ရှိကြောင်းသိရသည်။

အချုပ်အားဖြင့် ကော့ရမ္မာကျေးရွာတွင် ကျေးရွာလူထုများ အလွယ်တကူ အသုံးပြုနိုင်ရန်အတွက် အခြေခံအဆောက်အဦးမှာ နည်းပါးနေသေးသည်ကို တွေ့ရသည်။ ၎င်းအခြေခံအဆောက်အဦများအား ကျေးရွာဖွံ့ဖြိုးရေးရံပုံငွေဖြင့် ဆောက်လုပ်မည်ဆိုပါကလည်း စီးပွားရေးအနေအထားအရ ခက်ခဲနိုင်ကြောင်း၊ ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်း၍ ပံ့ပိုးဆောင်ရွက်မှသာလျှင် အခြေခံအဆောက်အဦးများ လျင်မြန်စွာပြည့်မှီပြီး အကျိုးခံစားခွင့်ရနိုင်မည်ဖြစ်ကာ အလုပ်အကိုင်အခွင့်အလမ်း ရှားပါးမှုအတွက်လည်း အသက်မွေးဝမ်းကြောင်းနှင့် ပတ်သက်သည့် သင်တန်းများအား ကျေးရွာသူ/သားများအား ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းတို့ လိုအပ်နေကြောင်း လေ့လာသုံးသပ် ရပါသည်။

## ၆.၂ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက်အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုပြဇန်ကားချပ်



**ကော့ရမ္မာကျေးရွာ၏ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက်**

ကွမ်လှာကျေးရွာအုပ်စု၊ ကော့ရမ္မာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့

၂။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့

၃။ အမျိုးသမီးရေးရာအဖွဲ့

၄။ အရံမီးသတ်တပ်ဖွဲ့

၅။ ရေကော်မတီ


၆။ ဂေါပကအဖွဲ့

၇။ ကျောင်းကော်မတီ

၈။ ကျေးရွာလူထုဖဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီအဖွဲ့

ကော့ရမ္မာကျေးရွာအတွင်း ပြင်ပရှိအဖွဲ့အစည်းများမှာ ကျေးလက်ဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပညာရေးဌာနတို့ဖြစ်ကြသည်။ အထက်တွင်ဖော်ပြထားသော အဖွဲ့အစည်းများသည် စက်ဝိုင်းအတိုင်းအတာပေါ်တွင်မူတည်ပြီး ကျေးရွာနှင့်ကျေးရွာလူထုအပေါ် အရေးကြီးသည့်သက်ရောက်မှုနှင့်ချိတ်ဆက်မှုများရှိသည်။ အုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်သြဇာနှင့် လုပ်ပိုင်ခွင့်အပြည့်ရှိသောအဖွဲ့တစ်ခုဖြစ်သည်။ လူထုဖဟိုပြုစီမံကိန်းကော်မတီဝင်များအနေဖြင့်လည်း ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့်ချိတ်ဆက်ကာ ဖွံ့ဖြိုးရေးလုပ်ငနန်းများ လုပ်ဆောင်နေသည်ကိုတွေ့ရသည်။ ကျန်သောအဖွဲ့အစည်းများသည်လဲ ကျေးရွာအတွင်းအကျိုးပြုလုပ်ငန်းများကို အခြားအဖွဲ့အစည်းများ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ကာ လုပ်ဆောင်မှုများရှိသည်ဟုသိရသည်။

## ၆.၃ ဓနအင်အားအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

အုပ်စု - ကွမ်လှာ
ကျေးရွာ - ကော့ရမ္မာ

ရက်စွဲ - 3.1.17

| စဉ် | အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| ၁။ | (က) အလတ်အလတ် | လယ် (၁၀) ကေအထက်၊ ရာဘာခြံ (၁၀) ကေ၊ ပျဉ်ထောင် ပျဉ်ခင်း၊ ဓနိမိုး၊ ထော်လာဂျီ၊ နွား (၂) ကောင်၊ ဆိုင်ကယ်၊ နိုင်ငံခြားတွင်သွားရောက်အလုပ်လုပ်ကိုင်သည့်အိမ် | 35 |
| ၂. | (ခ) | ဝါးအိမ်၊ ကျပန်းလုပ်ကိုင်စားသောက်သူ၊ စက်ဘီး၊ [illegible]၊ ကိုယ်ပိုင်လုပ်ငန်းမရှိ | 48 |
| | | | |
| | | | 83 |

**ကော့ရမ္မာကျေးရွာ၏ ဓနအင်အားအဆင့်သတ်မှတ်ခြင်းသုံးသပ်ချက်**


ကွမ်လှာကျေးရွာအုပ်စု၊ ကော့ရမ္မာကျေးရွာတွင် အိမ်ထောင်စု (၈၃) စုရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ရော်ဘာခြံစိုက်ပျိုးခြင်း ဖြစ်ပါသည်။ အိမ်ထောင်စု (၅) စုသာ လယ်ယာမြေ (၁၀) ကေအထက်ပိုင်ဆိုင်ခြင်း၊ ရာဘာခြံ (၁၀) ကေခန့် ပိုင်ဆိုင်ခြင်း၊ ပျဉ်ထောင်၊ ဓနိမိုး၊ နွား (၂) ကောင်၊ ထော်လာဂျီ၊ ဆိုင်ကယ်များ ပိုင်ဆိုင်ကြပြီး ဓနအင်အားအဆင့်သတ်မှတ်ချက် (က) အဆင့်ရှိသည်ဟု သတ်မှတ်ထားကြသည်။

အိမ်ထောင်စု၏ (၅၀) စုခန့်မှာ လယ်ယာမြေ (၅) ကေအထက်၊ ပျဉ်ထောင်၊ ဓနိမိုး၊ ဆိုင်ကယ်ပိုင်ဆိုင်ပြီး ဓနအင်အား (ခ) အဆင့်တွင်ရှိသည်။

စုစုပေါင်းအိမ်ထောင်စု၏ (၂၈) ခန့်စုမှာ ကြုံရာကျပန်းအလုပ်များလုပ်ကိုင်ကြပြီး ဓနိမိုး၊ ဝါးအိမ်၊ စက်ဘီးပိုင်ဆိုင်ကြပြီးဓနအင်အားသတ် မှတ်ချက် (ဂ) အဆင့်တွင် ရှိပါသည်။

ကျေးရွာ၏သုံးပုံ တစ်ပုံခန့်မှာ နွမ်းပါးကြသည်ကိုတွေ့ရသည်။ ၎င်းကဲ့သို့ဖြစ်နေခြင်းမှာ စိုက်ပျိုးရေးကိုသာ အဓိကအားထားနေကြရသော်လည်း စိုက်ပျိုးနိုင်သည့် အရင်းအမြစ်များ ပိုင်ဆိုင်မှု မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်းမှု အတတ်ပညာများ တတ်မြောက်မှု နည်းပါးခြင်းအပြင် ပညာရေးကဏ္ဍတွင်လည်း အားနည်းမှုများရှိနေခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်ရပါသည်။

## ၆.၄ ပင့်ကူအိမ်သုံးသပ်ခြင်း



**ကော့ရမ္မာကျေးရွာပင့်ကူအိမ်သုံးသပ်ခြင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်လှာကျေးရွာအုပ်စု၊ ကော့ရမ္မာကျေးရွာ၏ အမျိုးသား၊ အမျိုးသမီးများ၏ ပင့်ကူအိမ်သုံးသပ်ချက်ကို အကြောင်းအရာ (၁၀) ခု၊ အဆင့် (၁၀) ဆင့်ဖြင့် အကဲဖြတ် ဆန်းစစ်ခဲ့ပါသည်။

**ခေါင်းဆောင်မှုကဏ္ဍ**

ဦးဆောင်မှုကဏ္ဍတွင် အမျိုးသားများက အမျိုးသမီးများထက် သာလွန်ကြောင်း သိရသည်။ အမျိုးသမီးအများစုသည် အိမ်မှုကိစ္စများကို အဓိကလုပ်နေရသောကြောင့် အားနည်းရခြင်း ဖြစ်သည်။ အမျိုးသမီးများကိုယ်တိုင်သည်လည်း ခေါင်းဆောင်မှုအပိုင်းသည် အမျိုးသားများနှင့်သာ သက်ဆိုင်သည်ဟု ယူဆထားသောကြောင့် ဦးဆောင်မှုအပိုင်းတွင် အမျိုးသမီးများအားနည်းနေရခြင်း ဖြစ်သည်။

**အိမ်မှုကိစ္စ**

အိမ်မှုကိစ္စရပ်များတွင် အမျိုးသမီးများမှသာ ဦးဆောင်နေသည်ကို တွေ့ရသည်။ အကြောင်းမှာ အိမ်မှုကိစ္စရပ်များအား အစဉ်အလာအရ အမျိုးသမီးများနှင့်သာ သက်ဆိုင်သည်ဟု ခံယူထားကြပြီး အမျိုးသမီးများမှသာ ဦးဆောင်ရွက်ပြုကာလုပ်ကိုင်နေကြသောကြောင့်ဖြစ်သည်။

**ပစ္စည်းဥစ္စာပိုင်ဆိုင်မှု**

ငှင်းကဏ္ဍတွင် အမျိုးသား/အမျိုးသမီး ခွဲခြားထားမှုများမရှိဘဲ ရှာဖွေဆုဆောင်းရာမှ ရရှိလာသည့်ပစ္စည်းဥစ္စာများအား အတူတကွ ပိုင်ဆိုင်ပြီး ထိန်းချုပ်သုံးစွဲမှုများရှိသည်။

**အလုပ်အကိုင်အခွင့်အလမ်း**

အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသားများသည် အမျိုးသမီးများထက်ပို၍ အခွင့်အရေးများ ကြောင်းတွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် အိမ်မှုကိစ္စရပ်များတွင်သာ အချိန်ပြည့်နီးပါးလုပ်ကိုင်နေရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများသည်လည်း အများအားဖြင့် အမျိုးသားများအတွက်သာ အခွင့်အလမ်းပိုများနေခြင်းအပြင် လုပ်ခလစာရရှိမှုတွင်လည်း အမျိုးသားများက ပိုမိုရရှိခြင်းတို့ကြောင့် အမျိုးသားများမှာ အမျိုးသမီးများထက်ပိုမို၍ အလုပ်အကိုင်အခွင့်လမ်း ရရှိနေကြသည်ဟု သုံးသပ်ရပါသည်။

**ဝင်ငွေရရှိမှု**

ဝင်ငွေရရှိမှုအပိုင်းသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် တိုက်ရိုက်အချိုးကျမှုရှိနေသည်ကို တွေ့ရသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့်အလမ်းတွင် အမျိုးသမီးများထက်ပိုမိုနေသောကြောင့် ဝင်ငွေရရှိမှုအပိုင်းတွင်လည်း အမျိုးသားများကသာ အမျိုးသမီးများထက်ပိုမိုသည်။

**လုံခြုံမှု**

ဘဝလုံခြုံမှုအပိုင်းကိုလေ့လာရာတွင်လည်း အမျိုးသားများမှပိုမိုမြင့်မားသည်ကို တွေ့ရသည်။ လေ့လာသုံးသပ်ချက်အရ အမျိုးသမီးများ ဘဝလုံခြုံမှုအပိုင်းတွင် နိမ့်ကျနေခြင်းမှာ ပတ်ဝန်းကျင်

ပယောဂများကြောင့်မဟုတ်ဘဲ ၎င်းတို့၏စိတ်ပိုင်းဆိုင်ရာကြောင့်သာ လုံခြုံမှုနည်းသည်ဟု ခံစားရခြင်း ဖြစ်ကြောင်းသိရှိရသည်။

**ပညာသင်ကြားခွင့်**

ပညာသင်ကြားခွင့်တွင်မူ အမျိုးသမီးများမှသာလွန်သည်။ အကြောင်းမှာ စားဝတ်နေရေး အခက်အခဲ၊ စီးပွားရေးအခက်အခဲများကြောင့် အမျိုးသားအများစုမှာ အရွယ်မတိုင်ခင် ကျောင်းထွက်ရပြီး စီးပွားရေးအတွက် လုပ်ငန်းခွင်ဝင်နေကြရခြင်းကြောင့် အမျိုးသမီးများမှာ အမျိုးသားများထက် ပညာသင်ကြားခွင့်တွင် သာလွန်ကြောင်း သိရှိရသည်။


**ရပ်ရွာကိစ္စရပ်များတွင်ပါဝင်ခွင့်**

ရပ်ရွာကိစ္စရပ်များတွင် အမျိုးသမီးများသည် အမျိုးသားများထက် ပါဝင်မှုပိုမို ရရှိသည်ကို တွေ့ရှိရသည်။ အကြောင်းမှာ အမျိုးသားများသည် လုပ်ငန်းခွင်သို့ဝင်ရောက်နေခြင်း၊ နိုင်ငံ ရပ်ခြားများတွင် သွားရောက်လုပ်ကိုင်နေကြခြင်းကြောင့် အမျိုးသားများထက် အမျိုးသမီးများ ပူးပေါင်း ပါဝင်မှု ကောင်းမွန်နေသည်ကို တွေ့ရှိရပါသည်။

**ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အရင်းအမြစ်များကိုစီမံခန့်ခွဲခွင့်**

၎င်းကဏ္ဍ (၂) ခုလုံးတွင် အမျိုးသားများဖက်မှ ဦးဆောင်မှုနှင့် ထိန်းချုပ်ထားမှုမှာ အမျိုးသမီးများထက် သာလွန်နေသည်ကိုတွေ့ရသည်။ အကြောင်းမှာ အမျိုးသားအများစုအား အိမ်ထောင်ဦးစီးများဖြစ် သတ်မှတ်ထားခြင်း၊ မိသားစုအားဦးဆောင်ကြခြင်း၊ ဝင်ငွေကိစ္စရပ်များတွင် ဦးဆောင်ကြခြင်းအပြင် အချို့သောအမျိုးသမီးအများစုမှာ အမျိုးသားများအပေါ်တွင်သာ မှီခို အားထားပြုနေကြခြင်းတို့ကြောင့် ၎င်းကဏ္ဍအားလုံးတွင် အမျိုးသားများမှ သာလွန်ကြောင်း လေ့လာသုံးသပ်ရပါသည်။

## ၆.၅ ရာသီခွင်ပြဇယား




**ကော့ရမ္မာကျေးရွာရာသီခွင်ပြဇယား သုံးသပ်ချက်**

ကော့ရမ္မာကျေးရွာ၏ရာသီဥတုအခြေအနေမှာ တန်ခူးလတွင်ပူပြင်းပြီး ဝါဆို၊ ဝါခေါင်လများတွင် မိုးများပါသည်။ နတ်တော်၊ ပြာသိုလများသည် အအေးဆုံးဖြစ်သည်။ တော်သလင်းနှင့် သီတင်းကျွတ်လများတွင် ဖျားနာမှုများရှိသည်။ လယ်ယာလုပ်ငန်းအနေဖြင့် ကဆုန်နှင့် နယုန်လများတွင် ထွန်ယက်ပြီးပျိုးကြဲသည်။ ဝါဆို၊ ဝါခေါင်လများတွင်စိုက်ပျိုးပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လများတွင် ရိတ်သိမ်းကြသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသမီး (၅၀%) ခန့် ပါဝင် လုပ်ကိုင်ကြပြီး အိမ်ထောင်စုတစ်စုလျှင်တစ်နှစ်ပျမ်းမျှဝင်ငွေ ၃၀၀၀၀၀ ခန့်ရှိသည်ဟု သိရသည်။ အဓိကကြုံတွေ့ရသောပြဿနာများမှာ ရေစီးရေလာမကောင်းခြင်း၊ ပိုးမွှားကျခြင်း၊ မြေဆီခမ်းခြောက်ခြင်း တို့ဖြစ်ကြောင်းသိရသည်။

ရော်ဘာခြံလုပ်ငန်းအနေဖြင့် တန်ဆောင်မုန်း၊ နတ်တော်စသည့် အေးသောကာလများတွင် အထွက်နှုန်းကောင်းမွန်သည်။ ရော်ဘာဈေးနှုန်းကျခြင်းခြင်းကြောင့် အခက်အခဲကြုံတွေ့ရသည်။ ပွဲတော်ကာလအနေဖြင့် တန်ခူး၊ တန်ဆောင်မုန်း၊ တပေါင်းလများတွင် ရိုးရာပွဲတော်များရှိသည်။ မြေယာပိုင်ဆိုင်မှုမရှိသူများမှ လယ်ယာလုပ်ငန်းလုပ်ကိုင်ချိန်တွင် နေ့စားလုပ်ကိုင်စားသောက်ကြသည်

## ၆.၆ ပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု



**ကော့ရမ္မာကျေးရွာပိုင်ဆိုင်မှုနှင့် ထိန်းချုပ်မှု သုံးသပ်ချက်**

ကော့ရမ္မာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဓိကကျသော အခြေခံအဆောက်အဦ အများအပြားလိုအပ်ချက်ရှိနေသေးသည်ကိုတွေ့ရသည်။ ရပ်ရွာအရေးတွင်ပါဝင်ခွင့်၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့်အရင်းအမြစ်များကို ထိန်းချုပ်မှုအပိုင်း တွင်အမျိုးသားများမှ ပိုမိုဦးဆောင်နေသည်ကိုတွေ့ရသော်လည်း ရှိရင်းစွဲ အခြေခံအဆောက်အဦများ၊ အရင်းအမြစ်များသုံးစွဲမှုတွင်မူ အမျိုးသား/သမီးများ တန်းတူသုံးစွဲမှုများရှိသည်ကို တွေ့ရပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ






## ၈။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | စီ/ထောက်ကော်မတီ | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီ/ထောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးထွန်းဟန် | |
| | | | ဒေါ်အေးမေ | |
| ၂ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးမျိုးအောင် | |
| | | အဖွဲ့ဝင် | ဒေါ်အေးသက် | |
| | | အဖွဲ့ဝင် | ဒေါ်စန်းငွေ | |
| ၃ | လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီ | အဖွဲ့ခေါင်းဆောင် | ဒေါ်မိုးမိုး | |
| | | အဖွဲ့ဝင် | ဦးစိုးသန်း | |
| | | အဖွဲ့ဝင် | ဒေါ်နီနီအေး | |
| ၄ | စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ | အဖွဲ့ခေါင်းဆောင် | ဦးအုန်းကြိုင် | |
| | | အဖွဲ့ဝင် | ဦးဝင်းမြင့် | |
| | | အဖွဲ့ဝင် | ဒေါ်သီတာအေး | |
| ၅ | အကြံပြုတိုင်ကြားရေး ကော်မတီ | ကိုယ်စားလှယ် | ဦးဝင်းဇော် | |
| | | ကိုယ်စားလှယ် | ဒေါ်မော်မော်ဦး | |
| ၆ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဒေါ်ရတနာဦး | |
| ၇ | စေတနာ့ဝန်ထမ်း | | ဦးတင်ရွှေ | |
| | စေတနာ့ဝန်ထမ်း | | ဒေါ်သိန်းတင် | |

# ၉။ ကျေးရွာအချက်အလက် (ပုံစံ-၁)




ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် | |
| [illegible] | 09-425344786 | [illegible] | |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
| မွန် | ချောင်းဆုံ | ကွမ်လှာ | ကော့ရမ္မာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---မွန်--- | 70 | ဘာသာ (၁) ---ဗုဒ္ဓ--- | 70 |
| လူမျိုးစု (၂) ---ဗမာ--- | 13 | ဘာသာ (၂) ---ဗုဒ္ဓ--- | 13 |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 5 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 36 | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---မွန်--- | 210 | 154 |
| လူမျိုးစု (၂)---ဗမာ--- | 73 | 60 |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | 80 | 3 |



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | | | | | |
| အခြား | ☐ | | အခြား | ☐ | | ဝပ် | ☐ | |
| | | | | | | အခြား | ☐ | |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း (ကတ္တရာလမ်း) ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဝဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် 3/8 ../မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်

ခြောက်သွေ့ရာသီတွင်ကြာချိန် --- ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ------- ၅ မိနစ် ------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ဗိုလ်လင်းရေးကော်မတီ

(၂) ----------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်မြင့်

လက်မှတ် [signature] နေ့စွဲ

လူထုစည်းရုံးရေးမှူး အမည် ဦးဖြိုးဝင်း

လက်မှတ် [signature] နေ့စွဲ

## ၁၀။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၈ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဖိုးဖြိုးဝင်း


နေ့စွဲ - 3.1.17

စက်ဝန်းအားအမှတ်ခြစ်ပါ ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း (၄)

| ပြည်နယ်/တိုင်း - ချင်း | မြို့နယ် - ဖလမ်းဆို | ကျေးရွာအုပ်စု - ကွမ်လှာ | ကျေးရွာ - ကောဒ့ရမ္မာ |
|---|---|---|---|

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 3.1.17 | 3.1.17 | 22 | 46 | 68 | ဗို-52 \| ဗမာ-16 |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.1.17 | 5.1.17 | 24 | 41 | 65 | ဗို-56 \| ဗမာ-9 |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | 30.1.17 | 21.2.17 | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 7.3.17 | 7.3.17 | 13 | 37 | 50 | ဗို-50 |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 16.3.17 | 16.3.17 | 10 | 36 | 46 | ဗို-46 |
| ၆.၁ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစပြု ရေးဆွဲခြင်း | | | | | | |

# ၁၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)



ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - မိုးမြင့်ဝင်း

| | | | |
|---|---|---|---|
| နေ့စွဲ - 5.1.17 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း - မွန် | မြို့နယ် ချောင်းဆုံ | ကျေးရွာအုပ်စု ကွမ်လှာ | ကျေးရွာ ကော့ရမ္မာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)


| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|
| ၁ ရေငန်ပါးသောကြောင့် သောက်သုံးရေမလုံလောက်သည့်အခက်အခဲ | ၁ ရေငန်ပါးသောကြောင့် သောက်သုံးရေမလုံလောက်သည့်အခက်အခဲ |
| ၂ ရေတိုက်စားသောကြောင့် လမ်းများမကောင်း၍ သွားလာရခက်ခဲခြင်း | ၂ ရေတိုက်စားသောကြောင့် လမ်းများမကောင်း၍ သွားလာရခက်ခဲခြင်း |
| ၃ ဆေးပေးခန်း မရှိ၍ ကျန်းမာရေးအခက်အခဲ | ၃ ဆေးပေးခန်း မရှိ၍ ကျန်းမာရေးအခက်အခဲ |
| ၄ ကျောင်းခြံစည်းရိုး မရှိ၍ ကလေးများ လုံခြုံရေး အတွက် စိတ်မချရသည့်အခက်အခဲ | ၄ ကျောင်းခြံစည်းရိုးမရှိ၍ ကလေးများ လုံခြုံရေး အတွက် စိတ်မချရသည့်အခက်အခဲ |
| ၅ စာကြည့်တိုက်မရှိ၍ ကျေးရွာလူထုများ စာပေဗဟုသုတနည်းပါးသည့်အခက်အခဲ | ၅ စာကြည့်တိုက်မရှိ၍ ကျေးရွာလူထုများ စာပေဗဟုသုတ နည်းပါးသည့်အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|
| ၁ သောက်သုံးရေ လုံလောက်စွာရရှိသော ကျေးရွာဖြစ်လာရမည်။ | ၁ သောက်သုံးရေလုံလောက်စွာရရှိသော ကျေးရွာဖြစ်လာရမည်။ |
| ၂ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာ ဖြစ်လာရမည်။ | ၂ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော ကျေးရွာ ဖြစ်လာရမည်။ |
| ၃ ကျန်းမာရေး ဝန်ဆောင်မှုရရှိပြီး ဆေးပေးခန်းရှိသော ကျေးရွာဖြစ်လာရမည်။ | ၃ ကျန်းမာရေး ဝန်ဆောင်မှုရရှိပြီး ဆေးပေးခန်းရှိသော ကျေးရွာဖြစ်လာရမည်။ |
| ၄ ကလေးများ လုံခြုံစွာ ပညာသင်ကြားလာနိုင်ရမည်။ | ၄ ကလေးများ လုံခြုံစွာ ပညာသင်ကြားလာနိုင်ရမည်။ |
| ၅ စာကြည့်တိုက်ရှိသော ကျေးရွာ ဖြစ်လာရမည်။ | ၅ စာကြည့်တိုက်ရှိသော ကျေးရွာ ဖြစ်လာရမည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | ခန့်မှန်းကုန်ကျငွေ | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | မြေသားလမ်းမှ ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း (ရွာတွင်းလမ်း) | ကျား + မ | 9,000,000 | 447 |
| ၂. | စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း (အ-ထ-က) | ကျား + မ | 6,700,000 | 447 |
| ၃. | ရေရရှိရေးလုပ်ငန်း (ရေစစ်+စက်) | ကျား + မ | 2,500,000 | 447 |
| ၄. | စာကြည့်တိုက်တည်ဆောက်ခြင်းလုပ်ငန်း | ကျား + မ | 9,000,000 | 447 |
| ၅. | ဆေးပေးခန်း တည်ဆောက်ခြင်း | ကျား + မ | 24300000 | 447 |




ယး လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြ

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | မ | |
| ၂ | မုန့်ဖုတ်သင်တန်း | ကျား | |
| ၃ | ဆိုင်ကယ်ပြင်သင်တန်း | ကျား | |
| ၄ | စိုက်ပျိုးမွေးမြူရေးသင်တန်း | ကျား/မ | |
| ၅ | အလှပြင်သင်တန်း | မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ ---7.1.17---

## ၁၂။ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)



ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

လမ်းညွှန်ချက်၊ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်၊ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် - ဒေါ်မိုးဖူးဝင်း

နေ့စွဲ - 2.3.2017

ပြည်နယ်/တိုင်း - မွန် | မြို့နယ် - ရေးကျင်းဆွဲ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄)

ကျေးရွာအုပ်စု - ကွမ်လှာ

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းတန်ဖိုးစရိတ် - စီမံကိန်းမှ ထည့်ဝင်မှု | ခန့်မှန်းတန်ဖိုးစရိတ် - ကျေးရွာမှ ထည့်ဝင်မှု | ခန့်မှန်းတန်ဖိုးစရိတ် - အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကွမ်လှာ | ရွာလတ်လမ်းကွန်ကရစ်လမ်းခင်းခြင်း | (665'x10'x6") | 3120 | □ ကျား □ မ □ ကျား+ မ | 10100000 | - | - / - | 10100000 |
| | စာသင်ကျောင်း လမ်းကွန်ကရစ်လမ်းခင်းခြင်း | 285'x10'x6" | 3120 | □ ကျား □ မ □ ကျား+ မ | 4000000 | - | - / - | 4000000 |
| | ကွက်သစ်လမ်းကွန်ကရစ်လမ်းခင်းခြင်း | 1545'x10'x6' | 3120 | □ ကျား □ မ □ ကျား+ မ | 23500000 | - | - / - | 23500000 |
| ကော့ရမ္မာ | အ.ထ.က စာသင်ကျောင်းအုတ်တံတိုင်း ပြုလုပ်ခြင်းလုပ်ငန်း | 367'x5' | 447 | □ ကျား □ မ □ ကျား+ မ | 5100000 | - | - / - | 5100000 |
| | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | 635'x10'x0'6" | 447 | □ ကျား □ မ □ ကျား+ မ | 9600000 | - | - / - | 9600000 |

ကျေးရွာအုပ်စု စီ/ထေ ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ 12.1.17
ဒေါ်အေးမြင့် [illegible]

# ၁၃။ အစည်းအဝေးမှတ်တမ်းများ

## အစည်းဝေးမှတ်တမ်း

ကျေရွာအမည် - ကွမ်လှာကျေးရွာ

ကျေးရွာအုပ်စု - ကွမ်လှာကျေးရွာ

ရက်စွဲ - 6.1.17

စတင်ချိန် - 11:00 နာရီ

ပြီးဆုံးချိန် - 3:30 နာရီ

အကြောင်းအရာ - ပထမအကြိမ်

အစီရင်ခံတင်ပြသူ - မိုးဖြူဝင်း (CF)

ဦးဆောင်ဆွေးနွေးသူ - ဦးသက်ဇော်ထွန်း ၊ ဦးရန်နောင် ၊ ဒေါ်မိုးဖြူဝင်း

ကွမ်လှာကျေးရွာအုပ်စု ကော့ရမ္မာကျေးရွာ ပထမအကြိမ်အစည်းဝေးကို (၆.၁.၂၀၁၇) ရက်နေ့ (၁၁း၀၀) နာရီတွင် စတင်ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၂၈၀) ဦးတက်ရောက်ခဲ့ပါသည်။ အခမ်းနား အစီအစဉ် (၁၁) ခုဖြင့် အစည်းဝေးကိုပြုလုပ်ခဲ့ပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ထို့နောက်စီမံကိန်းအမည် ၊ အကောင်ထည်ဖော်ဆောင်ရွက်နေသော အဖွဲ့အစည်းများ အကြောင်းကို ပြန်လည်မေးမြန်ချင်များ ပြုလုပ်ခဲ့ပါသည်။ ဦးရန်နောင်မှ စီမံကိန်းမိတ်ဆက် (၁၅)ချက် ကို အပြန်အလှန်မေးမြန်ချင်ဖြင့် ဆွေးနွေးခဲ့ပါသည်။ စီမံကိန်းစက်ဝန် အပိုင် (၆)ပိုင် နှင့် အဓိကပါဝင်သူများ၏ အခန်းကဏ္ဍကို တင်ပြဆွေးနွေးခဲ့ပါသည်။

ထို့နောက် စေတနာရွေးချယ်ရန်အတွက် တာဝန်ဝတ္တရာများကို ရှင်းလင်းပြီး အမျိုးသားထဲမှ ဦးတင်ဦး နှင့် အမျိုးသမီးများထဲမှ ဒေါ်တင်ရီတို့အား စေတနာ့ဝန်ထမ်း (၂) ဦး ရွေးချယ်ခဲ့ပါ သည်။ PRA Tools သုံးသပ်ရန်အတွက် တက်ရောက်လာသူများအား အဖွဲ့(၃) ဖွဲ့ခွဲပြီး ဆွေးနွေးခဲ့ပါသည်။ PRA Tools ဆွေးနွေးချက်များအား ပြန်လည်တင်ပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများအား ကျေးဇူးတင်စကားပြောကြားပြီး အစည်းဝေးကို ညနေ (၃း၃၀)အချိန်တွင် ပြီးဆုံးခဲ့ပါသည်။

## အစည်းဝေးမှတ်တမ်း

| | |
|---|---|
| ကျေးရွာအမည် | - ကော့ရမ္မာကျေးရွာ |
| ကျေးရွာအုပ်စု | - ကွမ်လှာကျေးရွာ |
| ရက်စွဲ | - 5.1.17 |
| စတင်ချိန် | - 11:00 နာရီ |
| ပြီးဆုံးချိန် | - 3:30 နာရီ |
| အကြောင်းအရာ | - ဒုတိယအကြိမ် |
| အစီရင်ခံတင်ပြသူ | - မိုးဖြူဝင်း (CF) |
| ဦးဆောင်ဆွေးနွေးသူ | - ဦးသက်ဇော်ထွန်း ၊ ဦးရန်နောင် ၊ ဒေါ်မိုးဖြူဝင်း |

ကွမ်လှာကျေးရွာအုပ်စု ကော့ရမ္မာကျေးရွာ ဒုတိယအကြိမ်အစည်းဝေးကို (၅.၁.၂၀၁၇) ရက်နေ့ (၁၂း၀၀) နာရီတွင် စတင်ပြုလုပ်ခဲ့ပါသည်။ အိမ်ထောင်စု (၆၄) ဦးတက်ရောက်ခဲ့ပါသည်။ အခမ်းနား အစီအစဉ် (၁၁) ခုဖြင့် အစည်းဝေးကိုပြုလုပ်ခဲ့ပါသည်။ အမျိုးသား အမျိုးသမီး နှစ်ဖွဲ့ခွဲပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက်ဖြစ်ပေါ်နေသောအခက်အခဲပြဿနာ၊ မျှော်မှန်းချက် ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ရွေးချယ်ရာတွင် အမှန်တကယ်လိုအပ်ချက်များကိုသာ တင်ပြဆွေးနွေးပေးကြရန် ဆွေးနွေးခဲ့သည်။ ကျေးရွာဦးစားပေးလုပ်ငန်းများအား မဲပေးရွေးချယ်ခဲ့သည်။ ရေရရှိရေး (ရေစဉ်၊ ဝက်)၊ လမ်းအဆင့်မြှင့်တင်ခြင်း ၊ စာသင်ကျောင်းခြံစည်းရိုးပြုပြင်ခြင်း၊ ကလေးကစားကွင်း၊ စာကြည့်တိုက် တည်ဆောက်ခြင်း၊ ဆေးပေးခန်း တည်ဆောက်ခြင်း ၊ ဈေးတည်ဆောက်ခြင်း လုပ်ငန်းများကို ကျေးရွာလူထုမှ တင်ပြရွေးချယ်ခဲ့ကြ သည်။ ထို့နောက် ကော်မတီဝင်များအား ပြန်လည်ရွေးချယ်ခဲ့ပြီး အစည်းဝေးကို ညနေ (၃း၃၀)တွင်ပြီးဆုံးခဲ့သည်။

## ၁၄။ ကျေးရွာမှကြုံတွေ့နေရသည့်အခက်အခဲ အတားအဆီးများ

| စဉ် | အဆိုပြုသူ | အခက်အခဲ၊ အတားအဆီးများ |
|---|---|---|
| ၁ | ကျား/မ | လူထုခန်းမ မရှိသဖြင့် လူထုအစည်းအဝေးများပြုလုပ်ခြင်း၊ ရပ်ရွာလူထုအများ နားနေရန် ခက်ခဲခြင်း |
| ၂ | ကျား/မ | ရေအရင်းအမြစ်နည်းပါးသဖြင့် သန့်ရှင်းသော သောက်သုံးရေခက်ခဲခြင်း |
| ၃ | ကျား/မ | ပညာရေးအခြေခံအဆောက်အဦမရှိသဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အခြားကျေးရွာများတွင် တက်ရောက်ရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း |
| ၄ | ကျား/မ | ကျေးလက်ဆေးပေးခန်းမရှိသဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုအားနည်းခြင်း။ အခြားကျေးရွာများတွင် သွားရောက်ပြသရသဖြင့် အခက်အခဲကြုံတွေ့ရခြင်း။ |
| ၅ | ကျား/မ | အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ အသက်မွေးဝမ်းကျောင်း အတတ်ပညာများ၊ အသိပညာများအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုနည်းပါးပြီး စားဝတ်နေရေးကျပ်တည်းခြင်း |

## ၁၅။ ကျေးရွာများမှနောင်လာမည့် (၅) နှစ်အတွင်းမျှော်မှန်းထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| စဉ် | အဆိုပြုသူ | လုပ်ငန်း |
|---|---|---|
| ၁ | ကျား/မ | ကျေးရွာအတွင်း အများပြည်သူအသုံးပြုနိုင်ရန်အတွက် ခန်းမတစ်ခု ရှိနှင့်ပြီးဖြစ်ရမည် |
| ၂ | ကျား/မ | ကျေးရွာသူ/သားများ လုံလောက်စွာအသုံးပြုနိုင်မည့် သောက်သုံးရေအရင်းအမြစ်များ ရှိနှင့်ပြီးလက်လှမ်းမီစွာ အသုံးပြုနိုင်ရမည်။ |
| ၃ | ကျား/မ | ကျေးရွာအတွင်းရှိ ကလေးသူငယ်များ လက်လှမ်းမီစွာတက်ရောက်သင်ကြားနိုင်ရန် အခြေခံပညာရေးအဆောက်အဦများရှိနှင့်ပြီးဖြစ်ရမည်။ |
| ၄ | ကျား/မ | ကျေးရွာသူ/သားများ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးလက်ကျန်းမာရေးဌာနခွဲများ/ အခြေခံအဆောက်အဦများ ရှိနှင့်ပြီးဖြစ်ရမည်။ |
| ၅ | ကျား/မ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရမည်။ |

## ၁၆။ ကျေးရွာများမှအဆိုပြုထားသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ထောက်ကူပြုသင်တန်းများ

လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့် ရပ်ရွာလူထုမှ လိုအပ်ချက် ရှိနေသော အသက်မွေးဝမ်းကျောင်း သင်တန်းများအားဆွေးနွေးရာတွင် အောက်ဖော်ပြပါ သင်တန်းများအား ရပ်ရွာလူထု တစ်ရပ်လုံးမှ အဆိုပြုတင်ပြခဲ့ပါသည်။

| | အဆင့် | လုပ်ငန်းအမည် | အဆိုပြုသူ | ကျေးရွာမှတာဝန်ခံ (သို့) အုပ်စု | ပြင်ပမှမည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အသက်မွေးဝမ်းကျောင်းမှု သင်တန်းများ | ၁ | စက်ချုပ်သင်တန်း | မ | | |
| | ၂ | ဖုန်းပြုပြင်နည်းသင်တန်း | ကျား | | |
| | ၃ | မိတ်ကပ်နှင့်အလှပြုပြင်ရေးသင်တန်း | မ | | |
| | ၄ | အင်္ဂလိပ်စကားပြောသင်တန်း | ကျား/မ | | |
| | ၅ | ကွန်ပျူတာသင်တန်း | ကျား/မ | | |
| အခြေခံအဆောက်အဦ | ၁ | ရေတွင်းတူးဖော်ခြင်း | ကျား/မ | | |

တစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ရရှိပြီးပါကလည်း ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အရင်းအနှီး မတည်ငွေအတွက် အခက်အခဲရှိနိုင်သေးကြောင်းနှင့် အချို့မှာလည်း အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်အတွက် အဖွဲ့အစည်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ပေးခြင်းများ၊ အလုပ်အကိုင် အခွင့်အလမ်းအသစ်များ ဖန်တီးပေးမှုများ လိုအပ်နေသေးသည်ကို လေ့လာသုံးသပ်ရပါသည်။